# မြန်မာနိုင်ငံ - စစ်တပ်အာဏာသိမ်းသွားခဲ့ပြီး အစိုးရထုတ်ပြန်ထားသည့် အသွားအလာကန့်သတ်ချက်များ အသက်ဝင်နေဆဲကာလအတွင်း စက်မှုဇုန်ကျူးကျော်ရပ်ကွက်များ၌ နေထိုင်လျက်ရှိသည့် ရွှေ့ပြောင်းအလုပ်သမများနှင့် မိမိတို့ကိုယ်ကို LGBTQI အဖြစ် ခံယူထားကြသူများကို ကာကွယ်စောင့်ရှောက်ခြင်း

ကိုဗစ်-၁၉ကို ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် အစိုးရဖက်က အသွားအလာကန့်သတ်ချက်များ ထုတ်ပြန်ထား သည့် ကာလအတွင်း အရပ်ဖက်လူ့အဖွဲ့အစည်း(CSO)ငယ်လေးတစ်ဖွဲ့သည် အခြား CSOs များ၊ အစိုးရမဟုတ်သည့် ဒေသတွင်းအဖွဲ့အစည်းများ(NGOs)၊ ရှေ့နေအစုအဖွဲ့များနှင့် မဟာမိတ်ဖွဲ့၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ၎င်းတို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အခြာကျသည့် နယ်မြေဒေသများရှိ အထည်ချုပ်စက်ရုံများ၏ အနီး ဝန်းကျင်၌ တိုးပွားလာခဲ့သည့် ကျူးကျော်ရပ်ကွက်များ၌နေထိုင်၍ လုပ်ကိုင်စားသောက်နေကြသည့် ရွှေ့ပြောင်းအလုပ် သမများနှင့် LGBTQI တို့၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ၎င်းတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ထားကြသည်။

သန်းပေါင်းများစွာသော လူထုလူတန်းစားများက စစ်အာဏာသိမ်းမှုကို ရဲရဲဝံ့ဝံ့ဆန့်ကျင်တော်လှန်လျက်ရှိသည့် မြန်မာ နိုင်ငံ၏ လက်ရှိအခြေအနေကြောင့် ရွေးကောက်ခံအစိုးရလက်ထက်က အရပ်ဖက်ရပ်ဝန်းကို ကာကွယ်စောင့်ရှောက် ရန် တက်တက်ကြွကြွလုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည့် အရပ်ဖက်လူ့အဖွဲ့အစည်းဝင် အများစုသည် ပြည်ပရောက်သူ ကရောက် ပြည်တွင်း၌ ပုန်းအောင်းတိမ်းရှောင်ရသူကရှောင် လက်နက်ကိုင်တော်လှန်သူက တော်လှန်ရသည့် အနေ အထားမျိုးသို့ ရောက်ရှိသွားခဲ့ကြသည်။ ယခုအချိန်၌ အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် တစ်နည်းနည်းဖြင့် အချိတ်အ ဆက်ရှိရုံမျှဖြင့် ဆိုးဆိုးရွားရွားဒုက္ခရောက်သွားနိုင်သည့် အခြေအနေမျိုးဖြစ်လာခဲ့သည်။

| |
|---|
| သို့ဖြစ်ပါ၍ ဤလေ့လာဆန်းစစ်ချက်အတွက် တွေ့ဆုံမေးမြန်းခဲ့သည့် အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၏ အမည်ရင်းအမည်မှန်များကို အသုံးပြုသွားမည်မဟုတ်ပါ။ ယင်းအစား ယခုလက်တွေ့ဖြစ်ရပ်မှန် လေ့လာဆန်းစစ်ချက်စာတမ်းတစ်ခုလုံး၌ CSO များကို "**မြန်မာ့အခြေခံအခွင့်အရေးအဖွဲ့(BRM)**"နှင့် အင်တာဗျူးဖြေဆိုသူ"**အောင်**"ဟူ၍သာ အစားထိုးသုံးစွဲသွားမည်ဖြစ်သည်။ |

## အနှစ်ချုပ်တင်ပြချက်

ဤလက်တွေ့ဖြစ်ရပ်မှန် လေ့လာဆန်းစစ်ချက်၌ အပိုင်းနှစ်ပိုင်း ပါဝင်လျက်ရှိသည်။

1. **အသွားအလာကန့်သတ်ခြင်း၊ ဆန့်ကျင်ဆန္ဒပြခြင်းနှင့် အင်တော်ဘေး -** မြန်မာနိုင်ငံအတွင်း အထိခိုက်လွယ် သည့် လူထုလူတန်းစားများကို ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေ၊ စနစ်များနှင့် အလေ့အထများ ခြေ ခြေမြစ်မြစ်ရှိမနေသည့် အခင်းအကျင်း၌ အစိုးရဖက်က ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု နှေးကွေးကျဆင်းသွား စေရန် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဒေသအလိုက် အသွားအလာကန့်သတ်သည့် စည်းမျဉ်းစည်းကမ်း များ ထုတ်ပြန်လာသည့်ကိစ္စရပ်နှင့် ပတ်သက်၍ အမျိုးသမီးနှင့် LGBTQI များ၏ အခွင့်အရေးများကို ထည့် သွင်းစဉ်းစားပေးစေရန်နှင့် ကွာခြားချက်များကျဉ်းမြောင်းလာစေရန် မြန်မာ့အရပ်ဖက်လူ့အဖွဲ့အစည်း(BRM) ၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့်
2. **စည်းလုံးညီညွတ်မှု၊ ခြိမ်းခြောက်မှုအန္တရာယ်နှင့် မျှော်လင့်ချက်** - ရွှေ့ပြောင်းအလုပ်သမများနှင့် မိမိကိုယ် ကို LGBTQI အဖြစ် ခံယူထားကြသူများ ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည့် စိန်ခေါ်မှုများနှင့် ဘေးအန္တရာယ် များကို မြန်မာနိုင်ငံ၌ စစ်တပ်အာဏာသိမ်းခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ဤအရပ်ဖက်လူ့အဖွဲ့အ စည်း၏ အရေးယူဆောင်ရွက်ချက်များဟူသည့် အပိုင်းနှစ်ပိုင်းဖြစ်သည်။

## ၁။ အသွားအလာကန့်သတ်ခြင်း၊ ဆန့်ကျင်ဆန္ဒပြခြင်းနှင့် အင်တော်ဘေး

## ဘယ်လိုအခင်းအကျင်းမျိုးရှိနေပြီး ဘယ်လိုလိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သလဲ။

### <u>ကိုဗစ်-၁၉ မစတင်မီအချိန်က နောက်ခံအခြေအနေ</u>

သန့်ရှင်းသည့် သောက်သုံးရေ၊ တစ်ကိုယ်ရေသန့်ရှင်းရေးစနစ်၊ ကျန်းမာရေးနှင့် ပညာရေးချို့တဲ့လွန်းလှသည့် ကျူး ကျော်ရပ်ကွက်ကြီးများသည် မြန်မာနိုင်ငံ၏ စီးပွားရေးဗဟိုမြို့၏ အစွန်အဖျားဒေသများ၌ ပြန့်ကျဲတည်ရှိနေကြသည်။ မှီတင်းနေထိုင်ကြသူများသည် အများအားဖြင့် မြန်မာနိုင်ငံ၏ အခြားဒေသများမှ သဘာဝဘေးဒဏ်ကြောင့်သော် လည်းကောင်း လက်နက်ကိုင်ပဋိပက္ခကြောင့်သော်လည်းကောင်း နေရပ်စွန့်ခွာလာခဲ့ကြသူများဖြစ်ကြပြီး ၎င်းတို့၏ မိ သားစုဝင်များကို ကျွေးမွေးစောင့်ရှောက်ရန်အတွက် မဖြစ်စလောက်အခကြေးငွေများရရှိစေနိုင်သည့် အခွင့်အလမ်းမှန် သမျှကို မလွတ်တမ်းရှာဖွေနေကြသူများဖြစ်ကြသည်။ လတ်တလောနှစ်များအတွင်း မြန်မာနိုင်ငံ၌ မှိုလိုပေါက်လာခဲ့ သည့် အထည်ချုပ်စက်ရုံများသည် ဤပြည်တွင်း ရွှေ့ပြောင်းအလုပ်သမားများ အဓိကအားကိုးအားထားရာ အလုပ်ရှင် များဖြစ်လာခဲ့သည်။

ရွှေ့ပြောင်းအလုပ်သမများသည် လူ့အဖွဲ့အစည်းအတွင်း ဘေးကင်းလုံခြုံမှုနှင့် အာမခံချက်အကင်းမဲ့ဆုံး လုပ်ငန်းနယ် ပယ်များ၌ အများအားဖြင့် ခရီးဆုံးသွားလေ့ရှိသည်။ လိင်အခြေပြုအကြမ်းဖက်မှုများကို အတိုင်းအတာတစ်ခုထိ အသိ အမှတ်ပြု၍ ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်ထားသည့်ဥပဒေသစ်များ ရှိလာခဲ့သော်လည်း လက်တွေ့အားဖြင့် အမျိုးသ မီးများကို ဖိုဝါဒကြီးစိုးလျက်ရှိသည့် လူ့အဖွဲ့အစည်း၌

လောက်လောက်လားလား အကာအကွယ်မပေးနိုင်ခဲ့ပေ။ သို့ဖြစ် ၍ အိမ်တွင်းအကြမ်းဖက်မှုနှုန်း အလွန်မြင့်မားနေဆဲဖြစ်သည်။ ဤအခြေအနေကို ပြောင်းလဲပစ်နိုင်ရန် CSO များအ နေဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေကြသော်လည်း ဥပဒေသစ်သည်ပင်လျှင် တရားရေးစနစ်တွင်း နှစ်ပေါင်းများစွာလိုက်စားလာခဲ့သည့်ယိုပေါက်များနှင့် ကာလရှည်အမြစ်စွဲလာခဲ့သည့် စိတ်နေစိတ်ထားများကို "ကုစား" ပေးရန် မစွမ်းသာခဲ့ဟု လှုပ်ရှားတက်ကြွသူများက ဝေဖန်ထောက်ပြခဲ့ကြသည်။

ပြည်တွင်းအလုပ်သမားသမဂ္ဂများနှင့် အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးသည့် အဖွဲ့အစည်းများအ နေဖြင့် အလုပ်သမားများ အကာအကွယ်ပိုမိုရရှိလာစေရန် နှစ်ပေါင်းများစွာ တိုက်တွန်းအရေးဆိုလာခဲ့ကြသော်လည်း မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေသများကိုယ်၌က ရွှေ့ပြောင်းအလုပ်သမားများကို သဘောတရားအားဖြင့်သာလျှင် အ ကာအကွယ်ပေးထားသဖြင့် အလုပ်သမားအခွင့်အရေးများသည် အမြဲတမ်းလိုလို ဘေးဖယ်ခံထားရဆဲဖြစ်သည်။ ဒီမိုကရေစီအစိုးရလက်ထက်၌ပင်လျှင် အမြဲတမ်းလိုလို ဥပဒေအထက်ရောက်ရှိနေကြသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ စစ်တပ်နှင့် စစ်တပ်လက်ကိုင်တုတ် ခရိုနီများအကြား မကင်းရာမကင်းကြောင်း ဆက်နွယ်ပတ်သက်မှုများက အလုပ် သမားအခွင့်အရေးတောင်းဆိုမှုများကို ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်။

မိမိတို့ကိုယ်ကို LGBTQI အဖြစ် ခံယူနေထိုင်ကြသူများသည် မြန်မာ့လူ့အဖွဲ့အစည်းအတွင်းသာမက (လိင်တူချင်းချစ် မြတ်နိုးမှုကို တားမြစ်ထားသည့်) ဥပဒေအရပါ အဆိုးစွန်ခွဲခြားဆက်ဆံမှုကို ဆိုးဆိုးရွားရွားကြုံတွေ့ နေကြရဆဲ ဖြစ်သည်။ မိမိတို့ကိုယ်ကို LGBTQI အဖြစ် ခံယူထားကြသူများအနေဖြင့် ထိပါးနှောက်ယှက်မှု၊ မိသားစုတွင်းငြင်း ပယ်မှု၊ အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို နေ့တဓူဝရင်ဆိုင်ကြုံတွေ့နေကြရဆဲပင်ဖြစ်သည်။ လတ်တလောနှစ်များအတွင်း မြို့ငယ်လေးများအပါအဝင် နေရာဒေသအများအပြား၌ ဤကိစ္စရပ်ကို တိုက်ရိုက်ကိုင် တွယ်ဖြေရှင်းရန် ရည်ရွယ်ထားသည့် အရပ်ဖက်လူ့အဖွဲ့အစည်း အများအ ပြား ပေါ်ထွက်လာခဲ့သည်။

## <u>**ကိုဗစ်-၁၉ အသွားအလာကန့်သတ်ချက်**</u>

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု နှေးကွေးကျဆင်းလာစေရန် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဒေသအလိုက်အသွားအလာ ကန့်သတ်သည့် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်လာပြီးနောက်ပိုင်း မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အမြစ်တွယ်နေခဲ့ သည့် ရှိရင်းစွဲပြဿနာများကို ပိုမိုဆိုးရွားပြင်းထန်လာစေခဲ့ပြီး စက်မှုဇုန်ကျူးကျော်ရပ်ကွက်များ၌ နေထိုင်လျက်ရှိ သည့် ထောင်ပေါင်းများစွာသော လူထုလူတန်းစားများကို အကာအကွယ်မဲ့လုနီးပါး အခြေအနေမျိုးသို့ ရောက်ရှိသွား စေခဲ့သည်။ စက်ရုံအလုပ်ရုံတစ်ခု ဝန်ထမ်းအင်အားလျှော့ချတော့မည်ဆိုလျှင် အမျိုးသမီးများသည် ပထမဦးဆုံး အလုပ်ဖြုတ်ခံရသူများဖြစ်နေလေ့ရှိသည်။ အမျိုးသမီးလုပ်သားအင်အား အများဆုံးစိုးမိုးထားသည့် အထည်ချုပ်စက်ရုံ များ၌ အလုပ်လုပ်နေကြသည့် အမျိုးသမီးအများအပြားသည် မည်သည့်ပုံစံမျိုး သို့မဟုတ် မည်သည့်နေရာ၌ ပြန် လည်အလုပ်ဝင်နိုင်မည်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းမသိရှိရဘဲ လစာမဲ့ခွင့်ဖြင့်

ရုတ်တရက် အလုပ်လက်မဲ့ဖြစ်သွားခဲ့ ရသည့်အပြင် အလုပ်သဘောတူစာချုပ် သက်တမ်းမပြည့်မီ အလုပ်ရပ်နားမှုကြောင့် ခံစားခွင့်ရရှိရမည့် မည်သည့် လျော်ကြေး/နစ်နာကြေးကိုမျှလည်း မရရှိခဲ့ကြပေ။

မိမိတို့ကိုယ်ကို LGBTQI အဖြစ် ခံယူထားကြသူများနှင့် အမျိုးသမီးများသည် အသွားအလာကန့်သတ်ချက်စည်းမျဉ်း ကြောင့် ၎င်းတို့ကိုယ်တိုင်အပါအဝင် သားသမီးများနှင့်အတူ ကိုယ်ထိလက်ရောက်အကြမ်းဖက်တတ်သည့် ဘဝလက် တွဲဖော် သို့မဟုတ် အိမ်သား(များ)နှင့် တစ်ချိန်လုံးအတူတကွ နေထိုင်ရသည့် အခြေအနေမျိုးသို့ ရောက်ရှိသွားတော့ သည်။ ကျူးကျော်ရပ်ကွက်များ၌ ဖြစ်ပွားလေ့ရှိသည့် အိမ်တွင်းအကြမ်းဖက်မှုနှုန်းသည် အပြင်ထက်နှစ်ဆမကရှိနေသည်ဟု BRM မှ အစီရင်ခံတင်ပြခဲ့သည်။ ဥပဒေအရ ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ ရှိသူများကို ထိန်းသိမ်းကုသပေးလျက်ရှိသည့် အစိုးရတာဝန်ယူမှုအောက်ရှိ ရောဂါခြေချုပ်စခန်းတစ်ခု၌ မုဒိမ်းမှုကျူး လွန်ရန် ကြံစည်းအားထုတ်မှုတစ်ရပ်ပင် ဖြစ်ပွားသွားခဲ့သည်။

## အရပ်ဖက်ရပ်ဝန်း ကာကွယ်စောင့်ရှောက်ရာ၌ ၎င်းတို့၏ လုပ်ဆောင်ချက်များ အထောက်အကူပြုပုံ

ကျူးကျော်ရပ်ကွက်များရှိ ရွှေ့ပြောင်းအလုပ်သမများနှင့် LGBTQI များ၏ အခွင့်အရေးအတွက် အရပ်ဖက်ရပ်ဝန်း ပို မိုကျယ်ပြန့်လာစေရန်နှင့် ကာကွယ်စောင့်ရှောက်သွားရန် BRM သည် အခြား CSOsများ၊ ပြည်တွင်း NGOsများနှင့် ရှေ့နေအစုအဖွဲ့များပါဝင်လျက်ရှိသည့် ကွန်ရက်တစ်ခုနှင့် ပေါင်းစည်းဆောင်ရွက်လျက်ရှိသည်။ ၎င်းတို့အနေဖြင့် ဤ လုပ်ငန်းများကို ဆယ်နှစ်ကျော်မျှ ဖော်ဆောင်လာခဲ့သည့် အခင်းအကျင်း၌ ကမ္ဘာ့ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုများစ တင်လာသည့်အခါ အခြေအနေသည် ယခင်ကထက်စာလျှင် ပို၍အရေးတကြီး ဖုတ်ပူမီးတိုက်ဆောင်ရွက်ရမည့် အနေ အထားမျိုးဖြစ်လာတော့သည်။

၂၀၂၀ ခုနှစ် မတ်လမှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အတွင်း ဖြစ်ပွားသွားခဲ့သည့် ကိုဗစ်-၁၉ ပထမနှင့် ဒုတိယ လှိုင်းကာလအတွင်း ၎င်းတို့သည် အောက်ပါကိစ္စရပ်များကို လုပ်ကိုင်ဆောင်ရွက်နေခဲ့ကြသည်။

- အလုပ်လုပ်ကိုင်နိုင်ခြင်းမရှိသည့် သို့မဟုတ် အသွားအလာကန့်သတ်ချက်များကြောင့် အလုပ်အကိုင်များဆုံး ရှုံးခဲ့ရပြီး မိမိတို့၏ အခြေခံစားဝတ်နေရေးအခက်အခဲကို မဖြေရှင်းနိုင်တော့သည့် လူထုလူတန်းစားများအ တွက် အစားအသောက်နှင့် အသေးသုံးငွေကြေးများ လိုက်လံထောက်ပံ့ပေးခဲ့ကြသည်။

- အမျိုးသမီးများ၏ အလုပ်အကိုင်များကို ကာကွယ်စောင့်ရှောက်ပေးရန်နှင့် အလုပ်ဖြုတ်ခံခဲ့ရသည့် အမျိုး သမီးများကို မူလနေရာ၌ ပြန်လည်ခန့်အပ်ပေးရန် အလုပ်သမဂ္ဂများနှင့်ပူးပေါင်း၍ စက်ရုံများရှေ့၌ သပိတ် စခန်းများဖွင့်၍ စက်ရုံမန်နေဂျာများနှင့် တိုက်ရိုက်ညှိနှိုင်းတောင်းဆိုခဲ့ကြသည်။

- လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် အိမ်တွင်းအကြမ်းဖက်မှုသည် ပြစ်မှုမြောက်ကြောင်းကို ရေဒီယိုနှင့် ဖေ့စ်ဘုတ်စာမျက်နှာများမှတစ်ဆင့် သရုပ်ဖော်တင်ဆက်ခြင်းနှင့်

အသံလွှင့်သတင်းစကားပါးခြင်းတို့အားဖြင့် အများပြည်သူများအား အိမ်တွင်းအကြမ်းဖက်မှုနှင့်ပတ်သက်၍ အမြင်ဖွင့်ပညာပေးသည့် အစီအစဉ်များကို ထုတ်လွှင့်ခဲ့ကြသည်။

- အမျိုးသမီးများ၏ နေအိမ်များသို့ သွားရောက်လည်ပတ်၍ ၎င်းတို့၏ မိသားစုဝင်များနှင့် တွေ့ဆုံစကားပြော ၍ အမျိုးသမီးများကို ၎င်းတို့၏ အခွင့်အရေးများနှင့်ပတ်သက်၍ အမြင်ဖွင့်ပညာပေးခြင်းနှင့် အမျိုးသမီးအုပ် စုငယ်လေးများဖွဲ့၍ အမြင်ဖွင့်ပညာပေးသည့် အစီအစဉ်တို့ကို ဖော်ဆောင်ခဲ့ကြသည်။ ဤအစီအစဉ်များ သည် ၎င်းတို့ရွေးချယ်နိုင်သည့် အခြားရွေးချယ်စရာနည်းလမ်းများရှိနေကြောင်း အမျိုးသမီးများ နားလည်သိ မြင်လာအောင် ကူညီပေးရန်ရည်ရွယ်ခြင်းဖြစ်ပြီး အထူးသဖြင့် လက်ရှိအိမ်တွင်းအကြမ်းဖက်မှုဒဏ်ခံနေရ သည့် အမျိုးသမီးများကို အဓိကဦးတည်၍ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။
- ၎င်းတို့၏ မိသားစုဝင်များကို အကြမ်းဖက်တတ်သည့် အမူအကျင့်ရှိကြောင်း သိထားသည့်အမျိုးသားများကို အတူတကွစုစည်း၍ ၎င်းတို့၏ ဇနီးမယားများ၊ သမီးများနှင့် တူမများ၌ မည်သည့်အခွင့်အရေးရှိကြောင်း ဖော် ထုတ်ဆွေးနွေးကာ ရှင်းလင်းတင်ပြခြင်းဖြင့် အမျိုးသားများ၏ အမူအကျင့်ပြောင်းလဲလာအောင် လုပ်ကိုင် ဆောင်ရွက်ခဲ့ကြသည်။
- လူကြိုက်များသည့် ရေဒီယိုအစီအစဉ်များနှင့် လူသုံးအများဆုံးဖြစ်သည့် အွန်လိုင်းစကြာန်များ(ဖေ့စ်ဘုတ်)မှ တစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် ကြေညာမောင်းခတ်ထားသည့် ၂၄ နာရီ အချိန်မရွေးဖုန်းခေါ်ဆို အကူအညီ တောင်းနိုင်သည့် ဖုန်းလိုင်းတစ်ခုကို ထားရှိဝန်ဆောင်မှုပေးခဲ့သည်။

*"ဒီလိုကပ်ရောဂါဖြစ်နေတဲ့အချိန်မှာ လူတိုင်းကို ကိုယ့်အိမ်မှာပဲ ကိုယ်နေကြဖို့ စည်းကမ်းထုတ်လိုက်ပြီးနောက်ပိုင်း အားလုံးသိကြတဲ့အတိုင်း အိမ်တွင်းအကြမ်းဖက်မှုတွေ တစ်ရှိန်ထိုးမြင့်တက်လာခဲ့ပါတယ်။ ဒီလို ပြစ်မှုမြောက်တဲ့ ကိစ္စမျိုးကို ကျနော်တို့ရှေ့နေတွေဖက်က အခမဲ့လိုက်ပြီး ကူညီပေးနိုင်ပါတယ်။ ဒါကြောင့် ဒီ ၀၉............ ဖုန်းနံပတ်က နေတစ်ဆင့် ကျနော်တို့ကို အချိန်မရွေး အားမနာတမ်း ဖုန်းခေါ်လာကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။ ..."*

- စိတ်သက်သာရာရစေပြီး သက်တောင့်သက်သာရှိစေသည့် အတွေ့အကြုံမျိုးရရှိစေမည့် လုံခြုံစိတ်ချရသည့် ပတ်ဝန်းကျင်မျိုး ဖန်တီးပေးနိုင်ရန်ရည်ရွယ်၍ အမျိုးသမီးများအတွက် အွန်လိုင်းအခြေပြု နှစ်သိမ့်ဆွေးနွေး အကြံပေးသည့် အစီအစဉ်များနှင့် လူမှုစိတ္တအကူအညီပေးအပ်သည့် အစီအစဉ်များကို အကောင်အထည် ဖော် ဆောင်ရွက်ပေးခဲ့သည်။
- လိင်မတူကွဲပြားမှုကို အခြေခံ၍ပြုကျင့်သည့် အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဆိုင်ရာ အရဲစွန့် ရမှုအန္တရာယ်များနှင့်ပတ်သက်၍ ရောဂါခြေချုပ်စခန်းခေါင်းဆောင်များနှင့် စေတနာ့ဝန်ထမ်းများအား အမြင် ဖွင့်ပညာပေးခြင်းနှင့် ရောဂါခြေချုပ်စခန်းများ၌ ထိန်းသိမ်းကုသမှုခံယူလျက်ရှိသူများ၏ အခွင့်အရေးများကို

၎င်းတို့အနေဖြင့် အပြည့်အဝအကာအကွယ်ပေးနိုင်မည့် စနစ်တစ်ခုထူထောင်နိုင်စေရန် ပံ့ပိုးကူညီပေးခြင်း ဖြင့် ကိုဗစ်-၁၉ ရောဂါခြေချုပ်စခန်းတစ်ခု၌ မုဒိမ်းကျင့်ရန်ကြိုးပမ်းခဲ့သည့် စွပ်စွဲပြောဆိုချက်ကို အရေးယူ တုန့်ပြန်ခဲ့သည်။

- မြို့ကြီးပြကြီးများ၏ လမ်းမများထက် လိင်ဖျော်ဖြေပေးသည့်အလုပ်လုပ်ကိုင်သည့် မိမိတို့ကိုယ်ကို LGBTQI အ ဖြစ် သတ်မှတ်ခံယူထားကြသူများကို ဖုန်းခေါ်ဆိုအားပေးစကားပြောဆို၍ အစားအသောက်နှင့် အသေးသုံး ငွေကြေးထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့သည်။

## ဤလုပ်ဆောင်ချက်များ၏ အကျိုးသက်ရောက်မှု

BRM အနေဖြင့် ကြားဝင်ကူညီပေးခဲ့ပြီးနောက်ပိုင်း အမျိုးသမီးနှင့် မိန်းကလေးများအတွက် ပိုမိုလုံခြုံစိတ်ချမှုရှိလာခဲ့ သဖြင့် ပျော်ရွှင်လာကြသည့် မိသားစုအများအပြားရှိလာကြောင်း ကြားသိခဲ့ရသည်။ နောက်ပိုင်းဖုန်းခေါ်ဆိုခြင်းနှင့် လူကိုယ်တိုင် သွားရောက်လည်ပတ်စကားပြောရင်းဖြင့် မိသားစုတွင်း စိတ်နေစိတ်ထားနှင့် ဆက်ဆံရေးများပြောင်း လဲသွားကြပြီး အမျိုးသမီးများကလည်း ပို၍လုံခြုံဘေးကင်းလာသည်ဟုခံစားရကြောင်း ပြောဆိုခဲ့ကြသည်။

စက်ရုံများရှေ့ သပိတ်စခန်းဖွင့်၍ ဆန္ဒထုတ်ဖော်ခြင်းနှင့် စက်ရုံမန်နေဂျာများနှင့် ညှိနှိုင်းတောင်းဆိုမှုများ ပြုလုပ်ခဲ့ပြီး နောက်ပိုင်း အမျိုးသမီးအချို့ အလုပ်ပြန်လည်ရရှိသွားကြသည်။

စုပေါင်းအဖွဲ့သားများ၏ အမြင်ဖွင့်ပညာပေး အစီအစဉ်များကို အကောင်အထည်ဖော်ခဲ့ပြီးနောက်ပိုင်း အစိုးရထိန်းချုပ် မှုအောက်ရှိ ရောဂါခြေချုပ်စခန်းများ၌ မုဒိမ်းမှုကျူးလွန်ရန် အားထုတ်သည့် အမှုအခင်းများ ထပ်မံမကြားသိရတော့ ပေ။

အိမ်တွင်းအကြမ်းဖက်မှုနှင့် လိင်အကြမ်းဖက်မှုကို မြန်မာနိုင်ငံအတွင်း မကြားဝံ့မနာသာကိစ္စရပ်များအဖြစ် လက်ခံယူ ထားကြဆဲဖြစ်သဖြင့် ယခုအရေးယူဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များ၏ အကျိုးသက်ရောက်မှုများကို အသေးစိတ် ဆွေးနွေးအစီရင်ခံရန် ခဲယဉ်းနေဆဲဖြစ်သည်။ ဤကိစ္စရပ်နှင့်ပတ်သက်၍ ထုတ်ဖော်ပြောဆိုမှုပြုရန် များစွာတွန့်ဆုတ် နေကြဆဲဖြစ်သည်။ အဖွဲ့အစည်းနှင့် တစ်ဦးချင်းအဆက်အသွယ်ရလိုက် ပျောက်သွားလိုက်ဖြစ်နေသဖြင့် လိင်ဖျော်ဖြေ ရေးဝန်ဆောင်မှုပေးသည့် LGBTQI များအပေါ် ယခုလုပ်ဆောင်ချက်များ၏ အကျိုးသက်ရောက်မှုကို ဆန်းစစ်အကဲ ဖြတ်ရန် အထူးတဖြင့် ပို၍ခဲယဉ်းသည်။ ယခုလုပ်ဆောင်ချက်၌ အရေးပေါ်တုန့်ပြန်ရေး၊ စည်းလုံးညီညွတ်ရေးနှင့် ထောင်ပေါင်းများစွာသော လူများ၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းထောက်ပံ့ပေးရေးဟူ သည့် လုပ်ဆောင်ချက်များကိုသာ ပို၍အဓိကထား အာရုံစိုက်ဖော်ဆောင်ခဲ့ခြင်းဖြစ်ပြီး မဟာဗျူဟာမြောက်အစီအစဉ် ချမှတ်ရေး၊ စောင့်ကြည့်အကဲခတ်ရေးနှင့် သုံးသပ်အကဲဖြတ်ရေးလုပ်ငန်းများ ပါဝင်မှုမရှိခဲ့ပေ။ တစ်နိုင်ငံလုံးအတိုင်းအ တာနှင့် ဒေသအလိုက်အခြေစိုက်လှုပ်ရှားလျက်ရှိသည့် CSOs များနှင့် NGOs များ၊ အလုပ်သမားသမဂ္ဂများနှင့် အခမဲ့ဥပဒေအကူအညီပေးသည့် ရှေ့နေများပါဝင်သည့် စုပေါင်းအဖွဲ့တစ်ခုအဖြစ် လုပ်ငန်းဆောင်ရွက်ခြင်းက BRM ၏ လက်လှမ်းမီလွှမ်းခြုံနိုင်မှုကို ပိုမိုကျယ်ပြန့်လာစေခဲ့သော်လည်း မှတ်တမ်းတင်ခြင်း၊

စောင့်ကြည့်အကဲခတ်ခြင်းနှင့် အကျိုးသက်ရောက်မှုများကို သုံးသပ်အကဲဖြတ်ခြင်းကိစ္စရပ်များနှင့်ပတ်သက်၍ လုပ်ရကိုင်ရပိုမိုခက်ခဲရှုပ်ထွေးသွား စေခဲ့သည်။

## ၂။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းမှုနောက်ပိုင်း စည်းလုံးညီညွတ်မှု၊ ခြိမ်းခြောက်မှု အန္တရာယ်နှင့် မျှော်လင့်ချက်

### ရွှေ့ပြောင်းအလုပ်သမများနှင့် မိမိကိုယ်ကို LGBTQI အဖြစ် ခံယူထားကြသူများ၏ ရဲစွမ်းသတ္တိနှင့် အင်တ်ဘေး

မြန်မာ့တပ်မတော်မှ နိုင်ငံ့အာဏာကို အတင်းအဓမ္မ လုယူသွားခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာ ဏာသိမ်းပြီးချိန်မှစ၍ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များကို ဖြုတ်ချခြင်းနှင့် ဖမ်းဆီးထောင်ချခြင်းများ ပြု လုပ်လာခဲ့ပြီးနောက်ပိုင်း ကျူးကျော်ရပ်ကွက်များ၌ နေထိုင်လျက်ရှိသည့် ရွှေ့ပြောင်းအလုပ်သမများနှင့် မိမိတို့ကိုယ်ကို LGBTQI များအဖြစ် ခံယူထားကြသူများ၏ အခြေအနေသည် မျှော်လင့်ချက်နှင့် ဘေးကင်းလုံခြုံမှု ပို၍ကင်းမဲ့လာခဲ့ သည်။

ကိုဗစ်-၁၉နှင့် စစ်အာဏာသိမ်းမှုကြောင့် ပေါ်ပေါက်လာခဲ့သည့် မတည်ငြိမ်မှုနှင့် ယင်းအပေါ် နိုင်ငံတကာအသိုက်အ ဝန်း၏ အရေးယူဆောင်ရွက်မှုများက (ဒဏ်ခတ်အရေးယူမှုများနှင့် နိုင်ငံခြားပိုင် စီးပွားရေးလုပ်ငန်းများ ပြန်လည်ရုပ် သိမ်းမှုတို့အပါအဝင်) စက်ရုံအလုပ်ရုံများကို တစ်ခုပြီးတစ်ခု ပိတ်သိမ်းသွားစေခဲ့သည်။ မှန်ကန်သည့်လုပ်ငန်းစဉ် သို့ မဟုတ် လျော်ကြေး/နစ်နာကြေးတစ်စုံတစ်ရာမရရှိဘဲ အလုပ်ရပ်နားခံခဲ့ရသည့်အချိန်မျိုး၌ ဥပဒေကြောင်းအရ သို့မ ဟုတ် အလုပ်သမားသမဂ္ဂများမှတစ်ဆင့် ကုစားမှုတစ်စုံတစ်ရာပြုလုပ်နိုင်ခဲ့ခြင်းမရှိဘဲ ထောင်ပေါင်းများစွာသော ရွှေ့ ပြောင်းအလုပ်သမားများ အလုပ်လက်မဲ့ဖြစ်သွားခဲ့သည်။

စစ်အစိုးရဖက်ကလည်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု နှေးကွေးကျဆင်းသွားစေရန် ပြဋ္ဌာန်းလိုက်သည့် စည်းမျဉ်းစည်း ကမ်းများကို စက်ရုံအလုပ်ရုံများက မည်ကဲ့သို့ဖော်ဆောင်လျက်ရှိကြောင်း လိုက်လံစည်းကြပ်စစ်ဆေးရန် လုံးဝနီးပါး ပျက်ကွက်ခဲ့သဖြင့် စက်ရုံပိုင်ရှင်များက အဆိုပါအချက်ကို အခွင့်ကောင်းယူ၍ ကိုယ်ကျိုးအတွက်အသုံးချခဲ့ကြသည်။ ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရသည့် စက်ရုံအလုပ်သမားများကို နေအိမ်သို့ပြန်ပို့ခဲ့ပြီး စည်းကမ်းအရ ရောဂါခြေချုပ်ဝင်နေရသည့်ရက်များအတွက် လုပ်ခလစာပေးချေခဲ့ခြင်းမရှိတော့ပေ။ ဤသို့ဖြစ်လာနိုင်ကြောင်း သိရှိခဲ့ပြီးနောက်ပိုင်း မိ သားစုတစ်ခုလုံးကို မိမိတစ်ဦးတည်း ဒိုင်ခံရှာဖွေကျွေးမွေးနေရသည့် အလုပ်သမားများသည် ကူးစက်ခံထားရပြီဖြစ် ကြောင်း သံသယရှိနေလျှင်ပင် မဖြစ်မနေဆက်၍အလုပ်ဆင်းနေခဲ့ကြရသည်။ မိမိတို့၏ အလုပ်သမားများ ကူးစက်ခံ ထားရပြီဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်လျှင်ပင် စက်ရုံများဆက်လက်လည်ပတ်နေခဲ့သဖြင့် အထိခိုက်လွယ်သည့် ဤလူထုလူတန်းစားများအကြား ဗိုင်းရပ်စ်ပိုးကူးစက်ပြန့်ပွားမှုသည် ကြောက်စရာကောင်းလောက်အောင် တရိပ်ရိပ် ထိုးတက်လာခဲ့တော့သည်။ အလုပ်သမားသမဂ္ဂများနှင့် အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးသည့် အဖွဲ့အစည်းများအားလုံးလိုလို လူထုအာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM)၌

ရှေ့တန်းမှနေ၍ ပါဝင်ခဲ့ကြသဖြင့် ပုန်း အောင်းနေကြရသည့်အချိန်အတွင်း စက်ရုံပိုင်ရှင်များသည် မေးခွန်းထုတ်မခံရဘဲ သို့မဟုတ် တာဝန်ခံစရာမလိုဘဲ စိတ်လွတ်ကိုယ်လွတ် လုပ်ချင်ရာလုပ်နေတော့သည်။

အထိခိုက်လွယ်သည့် လူထုလူတန်းစားများအကြား အကြီးအကျယ်အလုပ်လက်မဲ့ဖြစ်လာခဲ့သည့် အကျိုးဆက်အနေ ဖြင့် ငယ်ရွယ်သူအမျိုးသမီးများနှင့် LGBTQI များအကြား လိင်ဖျော်ဖြေရေးအလုပ်လုပ်သူဦးရေ သိသိသာသာတိုးပွား လာခဲ့သည်။ တွေ့ဆုံမေးမြန်းခဲ့သူ အောင်က ယခင်ကဆိုလျှင် "ပွဲစားများ"သည် ၎င်းတို့အတွက် အလုပ်လုပ်ပေးကြ ရန် ခြိမ်းခြောက်ခြင်း သို့မဟုတ် လိုက်လံစည်းရုံးမက်လုံးပေးခြင်းများ ပြုလုပ်ခဲ့ရသော်လည်း ယခုနောက်ပိုင်း၌ လိင် ဖျော်ဖြေရေးလုပ်ငန်းဖြင့် ဝင်ငွေရရှိရန်ကြိုးပမ်းလိုသူများက ၎င်းတို့ကို တိုက်ရိုက်ဆက်သွယ်လာကြသည်ဟု ပြောဆို သွားခဲ့သည်။

အမျိုးသမီးနှင့် LGBTQI တို့သည် စစ်အာဏာသိမ်းမှုကို လက်မခံဘဲ မြန်မာတစ်နိုင်ငံလုံး အုံကြွပါဝင်လာခဲ့သည့် အ ကြမ်းမဖက် လူထုအာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM)၌ ရှေ့တန်းနေရာမှ တက်တက်ကြွကြွပါဝင်ခဲ့ကြပြီး CDM လှုပ် ရှားမှုအတွက် အရေးပါသည့် ဦးဆောင်စည်းရုံးလှုပ်ရှားရေး အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသူများဖြစ်သည်။ စစ်တပ်အာ ဏာသိမ်းမှုကို ဆန့်ကျင်ကန့်ကွက်နေသည့် အချိန်နှင့်တစ်ပြိုင်တည်းလိုလိုပင် အမျိုးသမီးနှင့် LGBTQIအခွင့်အရေးများ ကို အများလက်ခံအသိအမှတ်ပြုလာစေရန် လူ့အဖွဲ့အစည်းအတွင်း အမြစ်တွယ်နေသည့် စံသတ်မှတ်ချက်များကို ဆန်း သစ်ပေါ်လွင်သည့် အကြမ်းမဖက်ရေးလှုပ်ရှားမှုများမှတစ်ဆင့် ရဲရဲဝင့်ဝင့်စိန်ခေါ်မေးခွန်းထုတ်ခဲ့ကြသည်။ (သာဓက အနေဖြင့် ရဲနှင့် စစ်သားများ၏ ချီတက်ဖြိုခွဲမှုများ နှေးကွေးသွားစေရန် အမျိုးသမီးအဝတ်အစားများသည် မဟာပုရိသ များအတွက် "သန့်ရှင်းမှုမရှိဘဲ" "ဘုန်းနိမ့်စေသည်"ဟူသည့် ရှေးရိုးစွဲအယူအဆများကို တန်ပြန်အသုံးချ၍ ထမိန် တန်းများပြုလုပ်ကာ တားဆီးခဲ့ကြသည်။ ဤနည်းအားဖြင့် ရပ်ကွက်အတွင်းပိုင်းထိ ထိုးဖောက်ဝင်ရောက်မှုများကို နှေး ကွေးသွားစေခဲ့ပြီး သပိတ်သမားများ ထွက်ပြေးလွတ်မြောက်စေရန် အချိန်ဆွဲပေးနိုင်ခဲ့သည်။)

CDM လှုပ်ရှားမှုအတွင်း မိမိတို့ကိုယ်ကို LGBTQI အဖြစ်ခံယူထားကြသူများသည် (အလုံးအရင်းဆန္ဒပြမှုများ စတင်ခဲ့ သည့် အစောပိုင်းကာလများ၌ ထင်ရှားပေါ်လွင်သည့် ရောင်စုံအဝတ်အစားများနှင့် Pride အလံများကို ကိုင်ဆောင် ချီတက်ခြင်းတို့ကြောင့်) အလွန်ထင်သာမြင်သာရှိခဲ့ကြသဖြင့် အများအပြားဖမ်းဆီးထောင်ချခံခဲ့ကြရသည်။ ၎င်းတို့အ အနေဖြင့် များစွာဆင်းရဲဒုက္ခရောက်ခဲ့ရပြီးဖြစ်သော်လည်း အကျဉ်းထောင်စနစ်များကလည်း ၎င်းတို့ကို ဆိုးရွားပြင်း ထန်လှသည့် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုများဖြင့် ဆက်လက်စောင့်ကြိုနေခဲ့ပြန်သည်။ BRM က ရဲနှင့် စစ်သားများ ၏လက်ထဲ၌ မိမိကိုယ်ကို LGBTQI အဖြစ်ခံယူထားကြသူများ ကြုံတွေ့ခံစားခဲ့ကြရသည့် ဆိုးရွားပြင်းထန်လွန်းလှသည့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာအနာတရဖြစ်ကျန်ရစ်စေသည့် လိင်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုနှင့် မုဒိမ်းကျင့်ခံခဲ့ရသည့် အဖြစ်အပျက်ပေါင်းများစွာကို ထုတ်ဖော်ပြောဆိုသွားခဲ့သည်။

ထို့အပြင် BRM သည် ကျူးကျော်ရပ်ကွက်များ၌ ဆက်တိုက်ဆိုသလို မြင့်တက်လာနေသည့် အိမ်တွင်းအကြမ်းဖက်မှု များကိုလည်း မျက်ခြေမပြတ်စောင့်ကြည့်လျက်ရှိသည်။ ယခုကဲ့သို့

အကာအကွယ်မဲ့သည့် အနေအထားရောက်ရှိနေရ သည့် အမျိုးသမီးများသည် အစိုးရ၊ CSOs သို့မဟုတ် NGOs တို့၏ အကူအညီများကိုလည်း မရရှိခဲ့ကြပေ။

ပို၍ဆိုးရွားသွားစေသည့် ကိစ္စရပ်တစ်ခုအဖြစ် ၂၀၂၁ ခုနှစ် မေလမှစတင်၍ မြန်မာတစ်နိုင်ငံလုံးကို ရိုက်ခတ်သွားခဲ့ သည့် ကိုဗစ်-၁၉ တတိယလှိုင်းလုံးကြီးသည် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးအရ အဖက်ဖက်မှ အခက်ကြုံနေရ သည့် အခြေအနေ၌ အဆိုးရွားဆုံးဟုဆိုနိုင်သည့် လူထုကျန်းမာရေးကပ်ဆိုးကြီးတစ်ခုကို ထပ်မံဆောင်ကျဉ်းလာခဲ့ သည်။ တရားဝင်ထုတ်ပြန်ချက်အရ ယနေ့အချိန်ထိ မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရသူဦးရေ ၄၉၁၅၈၄ ကျော် ရှိပြီး သေဆုံးသူအရေအတွက် ၁၈၄၆၅ ဦးထိရှိခဲ့သည်။ တတိယလှိုင်းစဝင်သည့်အချိန်၌ နိုင်ငံ၏ကျန်းမာရေးစနစ်များ သွပ်ချာပါဒလိုက်နေခဲ့ပြီဖြစ်သည်။ CDM သံချောင်းစခေါက်ခဲ့ကြသည့် ကျန်းမာရေးကဏ္ဍမှ ဆရာဝန်များနှင့် သူနာပြု အများစုသည် အဖမ်းခံထိသူထိ သေသူကသေ ပုန်းသူကပုန်းဖြစ်နေသည့် အခြေဆိုက်သွားခဲ့သည်။ ယင်းအခြေအနေ မျိုး၌ NLD အစိုးရလက်ထက်ကကဲ့သို့ ပြည်သူအချင်းချင်း အပြန်အလှန်စောင့်ရှောက်၍ စေတနာ့ဝန်ထမ်းကြသည့် စနစ်များကိုလည်း လည်ပတ်ဖော်ဆောင်ခွင့်မပြုခဲ့ကြပေ။ လူသားချင်းစာနာထောက်ထားသည့် အဖွဲ့အစည်းများကိုပါ လိုက်လံကူညီခွင့်မပြုဘဲ ပိတ်ပင်ထားခဲ့သည်။ ဆေးရုံဆေးခန်းများ၌လည်း ကိုဗစ်-၁၉ ကူးစက်ခံလူနာများကို လက် သင့်မခံကြတော့ပေ။ ရောဂါခြေချုပ်စခန်းများလည်း အလျဉ်းမရှိသည့်အခြေအနေ၌ စစ်တပ်ဖက်က အောက်စီဂျင်ပေး သည့် စက်ရုံများကို လိုက်လံဖျက်ဆီး၍ အောက်စီဂျင်ဝယ်ယူဖြည့်တင်းနိုင်ရန် တန်းစီနေကြသည့် လူအုပ်များကိုပါ ပစ်ခတ်လူစုခွဲခဲ့သည်။

## စစ်အာဏာသိမ်းမှုကို အာခံတော်လှန်ခြင်း

စစ်အာဏာသိမ်းပြီး သိပ်မကြာခင်မှာပင် အကြမ်းမဖက်သည့် လူထုအာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM) ပေါ်ပေါက် လာခဲ့သည်။ မြန်မာနိုင်ငံအတွင်း အရပ်ဖက်ရပ်ဝန်းကို ကာကွယ်စောင့်ရှောက်ရန် ကြိုးပမ်းခဲ့သည့် ဤအရွေ့သည် အ တုယူဖွယ်ရာ သာဓကကောင်းတစ်ခုဖြစ်ခဲ့သည်။ နိုင်ငံအဝှမ်း၌လည်း လူပေါင်းထောင်သောင်းချီစုဝေး၍ ချီတက်သ ပိတ်မှောက်ခဲ့ကြသည်။ ယခင်က အစေးမကပ်ကြသည့် တိုင်းရင်းသားနှင့် ဘာသာရေးအင်အားစုများအားလုံး သပိတ် များ၌ အတူတကွပေါင်းစည်းပါဝင်လာခဲ့ကြသည်။ လူပျိုနှင့် လူအို၊ အမျိုးသမီးနှင့် အမျိုးသား၊ ဆန့်ကျင်ဖက်လိင်ကို သာ ချစ်ခင်စုံမက်ကြသူများနှင့် LGBTQI များအားလုံး အရောင်အသွေးစုံလင်သည့် ကြွေးကြော်သံဆိုင်းဘုတ်များနှင့် ဝတ်စုံများဖြင့် အတူတကွ ဘုရားစာရွတ်ခြင်း၊ သီချင်းသီဆိုခြင်းနှင့် ကခုန်ပါဝင်ခြင်း၊ လမ်းမများနှင့် သံရုံးများကို ပိတ် ဆို့ဆန္ဒပြခြင်းနှင့် ကားများ၊ ဆိုင်ကယ်များနှင့် ဆိုက္ကားများဖြင့် ယာဉ်တန်းရှည်ချီတက်၍ အလုံးအရင်းစုပေါင်း အင် အားပြခဲ့ကြသည်။ ထို့အပြင် အွန်လိုင်းပေါ်နှင့် လမ်းမများထက် အနုသုခုမလက်ရာများဖန်တီး၍ နိုင်ငံတကာအ သိုက်အဝန်းသို့ သတင်းစကားပါးရန် လမ်းမပြည့်စာလုံးများ ပုံဖော်ရေးခြယ်ခြင်းတို့အပါအဝင် သပိတ်သမားများ အ ချိန်ပြည့်

အစာရေစာပြတ်လပ်ခြင်းမရှိဘဲ ငြိမ်းငြိမ်းချမ်းချမ်း ဆက်လက်ဆန္ဒဖော်ထုတ်နိုင်စေရန် လေးစားအတုယူစရာကောင်းလှသည့် ထောက်ပို့စနစ်များ စီစဉ်ဖန်တီး၍ ကျားကန်ပေးခဲ့ကြသည်။

သို့သော်လည်း CDM အပေါ် စစ်တပ်၏ တုန့်ပြန်အရေးယူမှုသည် အလွန်ရက်စက်ပြင်းထန်လာခဲ့သဖြင့် (၉၀၁၄ ဦးဖမ်းဆီးခံခဲ့ရပြီး လူပေါင်း ၁၁၇၈ ဦးအထိ သေဆုံးမှုရှိခဲ့သည့်) နိုင်ငံတကာအဖွဲ့အစည်းအများအပြားက လူသားဖြစ် တည်မှုကို ဆန့်ကျင်သည့် ပြစ်မှုမြောက်သည်ဟုဆိုကာ ကြားဝင်ဖြေရှင်းပေးကြရန်ပင် မေတ္တာရပ်ခံခဲ့ကြရသည်။

အမျိုးသားညီညွတ်ရေးအစိုးရ(NUG ရွေးကောက်ခံစင်ပြိုင်အစိုးရ)သည် အွန်လိုင်းစကြန်ပေါ်မှတစ်ဆင့် တစ်နိုင်ငံလုံး လှည်းနေလှေအောင်းမြင်းဇောင်းမကျန် စစ်အစိုးရကို လက်နက်ကိုင်တော်လှန်ကြရန် ပန်ကြားလိုက်သည့် သဘော ထားကြေညာချက်များကို ထုတ်ပြန်လာခဲ့သည်။ ကြေညာချက်မထွက်လာမီ အချိန်ကတည်းက အချို့သော CDM များ အကြား လက်နက်ကိုင်တော်လှန်ရေးအတွက် စတင်အရှိန်ယူနေခဲ့ကြပြီဖြစ်သည်။ ယင်းတို့၌ စစ်တပ်ကိုဦးချိုးရန်ရည် ရွယ်ခဲ့သည့် ရွေးကောက်ခံ“စင်ပြိုင်အစိုးရ(NUG)”၏ တစ်နိုင်ငံလုံးလက်နက်ကိုင်တော်လှန်ကြရန် တရားဝင်ကြေညာချက်အရ နိုင်ငံအဝှမ်းပေါ်ပေါက်လာခဲ့သည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ(PDF)၌ ပေါင်းစည်းပါဝင်မှုသည်လည်း ပါဝင်လျက်ရှိသည်။ ထို့အပြင် စစ်တပ်ကို ဆန့်ကျင်တော်လှန်၍ မိမိတို့၏ အရပ်သားပြည်သူများကို ကာကွယ်စောင့် ရှောက်ရန် မိမိတို့၏ သက်ဆိုင်ရာဇာတိမြေ သို့မဟုတ် ပြည်နယ်အခြေစိုက် နယ်ခံအရပ်သားကာကွယ်ရေးတပ်ဖွဲ့များ သို့မဟုတ် တော်လှန်ရေးတပ်ဖွဲ့များနှင့် ပူးပေါင်းတော်လှန်မှုသည်လည်းအပါအဝင်ဖြစ်သည်။

အချို့သည်လည်း ကချင်လွတ်လပ်ရေးတပ်မတော်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ကဲ့သို့သော နီးစပ် ရာ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၌ ဝင်ရောက်အမှုထမ်းခဲ့ကြသည်။ မြို့ကြီးပြကြီးများမှ နိုင်ငံရေး တက်ကြွလှုပ်ရှားသူ လူငယ်လူရွယ်များသည် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ ထိန်းချုပ်ရာ နယ်စပ်ဒေသတောကြိုအုံကြားရှိ လွတ်မြောက်နယ်မြေများသို့ မိမိတို့၏ မြို့ပြဘဝများ၊ အလန်းစား 5G အင်တာနက်လိုင်းများနှင့် မြို့ပြဘဝရှင်သန်မှုပုံစံများကို အလဲအထပ်ပြုလုပ်ကာ စစ်သင်တန်းတက်ရောက်ရန် အလုံးအ ရင်းဖြင့် ရောက်ရှိလာကြသည်။ ထို့အပြင် လက်ဖြစ်ရရာလက်နက်များကိုစွဲကိုင်၍ စစ်တပ်၏ ဖြိုခွဲနှိမ်နင်းမှုများကို ပြန် လည်ရင်ဆိုင်အံတုခဲ့ကြသည့် ရွှေ့ပြောင်းအလုပ်သမားလူထုလူတန်းစား အများအပြားလည်း သေကျေပျက်စီးခဲ့ရ သည်။

အစိုးရပိုင်အဆောက်အဦးများသာမက စစ်အစိုးရနှင့် ဆက်စပ်ပတ်သက်နေသည်ဟု ယူဆရသူများကိုပါ ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြသည်။ NUG ၏ ထုတ်ပြန်ပြောဆိုချက်အရ အောက်တိုဘာလ ၇ ရက်နေ့မှ နိုဝင်ဘာလ ၆ ရက်နေ့အ တွင်း တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့များ၏ တိုက်ခိုက်မှု ၈၃ ကြိမ်နှင့် ပြည်သူ့တော်လှန်ရေးအင် အားစုများ၏ တိုက်ခိုက်မှုအကြိမ်ရေပေါင်း ၂၀၇ ကြိမ်အပါအဝင် စစ်အစိုးရ၏ တပ်ရင်းတပ်ဖွဲ့များနှင့် ၎င်းတို့၏ လက် ကိုင်တုတ်အဆွယ်အပွားများကို

ဦးတည်ပစ်မှတ်ထားသည့် တိုက်ခိုက်မှုစုစုပေါင်း ၆၆၈ ကြိမ်ရှိခဲ့ပြီး စစ်ကောင်စီတပ်ဖွဲ့ ဝင်ဦးရေ ၁၃၀၀ ကျော်ကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်းသိရှိရသည်။

စစ်ကောင်စီ၏ မိမိတို့ပြည်သူများအပေါ် အသက်သေဆုံးရလောက်သည်အထိ ကျူးလွန်ခဲ့သည့်ပြစ်မှုများ လူမှုကွန် ရက်စာမျက်နှာများထက် အကြီးအကျယ်ပျံ့နှံ့လာခဲ့ပြီးသည့်နောက်ပိုင်း စစ်ကောင်စီတပ်ဖွဲ့ဝင်စစ်သားများနှင့် ရဲသားအ များအပြားသည် တပ်ကိုစွန့်ခွာ၍ အများအားဖြင့် လက်နက်များကိုပါ တစ်ပါတည်းယူဆောင်ကာ တော်လှန်ရေးအင် အားစုများနှင့် ပူးပေါင်းသွားခဲ့သည်။ တပ်ဖွဲ့ကိုစွန့်ခွာလာခဲ့သည့် စစ်သားတစ်ဦးက "ကျနော်တို့ကိုယ်တိုင် ကာကွယ် ပေးကြရမယ့်တာဝန်ရှိတဲ့ ဆန္ဒပြလူငယ်တွေကို စစ်သားတွေက ထင်သလိုရိုက်နှက်ကန်ကျောက်ပြီး ညှင်းပန်းနှိပ်စက် အသေသတ်နေတာတွေကို မြင်နေတွေ့နေရတာက အရမ်းကိုရင်နာစရာကောင်းပါတယ်"ဟု ပြောဆိုသွားခဲ့သည်။

## အရပ်ဖက်ရပ်ဝန်းကို အကြမ်းမဖက်ကာကွယ်စောင့်ရှောက်သည့် ချဉ်းကပ်ဆောင်ရွက်မှုပုံစံများ

စစ်အာဏာသိမ်း၍ လူသားချင်းစာနာထောက်ထားရေး အကျပ်အတည်းပေါ်ပေါက်လာစေပြီး အရပ်ဖက်လူ့အဖွဲ့အ စည်းများနှင့် သပိတ်သမားများကို လိုက်လံဖြိုခွင်းနှိမ်နှင်းနေလင့်ကစား အရပ်သားပြည်သူများ၏ အာခံတုန့်ပြန်မှု သည် ဩချရလောက်အောင် အတိုင်အဖောက်ညီညီဖြင့် ရဲရဲဝံ့ဝံ့ခရီးဆက်နေခဲ့သည်။

အကြမ်းမဖက်သည့် ပုံစံအမျိုးမျိုးဖြင့် ဆန့်ကျင်အာခံခဲ့ကြသည်။

<u>သပိတ်မှောက်ခြင်း -</u> အကြမ်းမဖက်သည့် CDM သည် စစ်အစိုးရကို လက်မခံဘဲ သပိတ်မှောက်ကာ အသံတိတ် ပုံစံ ဖြင့် ခရီးဆက်ရင်း စစ်အုပ်ချုပ်ရေးကို ဆက်တိုက်အထိနာစေလျက်ရှိသည်။ ယင်းလှုပ်ရှားမှုအတွင်း အစိုးရဝန်ထမ်း များ အလုပ်ဆင်းရန်ငြင်းဆန်ခြင်း၊ လျှပ်စစ်မီတာခ ပေးချေရန်ငြင်းဆန်ခြင်း၊ အစိုးရကျောင်းများ၌ တက်ရောက်ပညာ သင်ကြားရန်ငြင်းဆန်ခြင်းနှင့် ၎င်းတို့ဖြန့်ဖြူးထောက်ပံ့ပေးသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို လာရောက်ထိုးနှံ ရန်ငြင်းဆန်ခြင်းတို့ ပါဝင်လျက်ရှိသည်။ ထို့အပြင် ပြည်သူလူထုတစ်ရပ်လုံးသည် အထင်ကရဆက်သွယ်ရေးကုမ္ပဏီ ကြီးများနှင့် နာမည်ကြီးအဖျော်ယမကာတံဆိပ်များ(ဥပမာ ကီရင်လယ်ဂျာဘီယာ)အပါအဝင် စစ်တပ်နှင့်ပုလင်းတူဖူး ဆို့ဖြစ်နေကြသည့် ကုမ္ပဏီများကိုပါ သပိတ်မှောက်လာကြသည်။

<u>ရေပေါ်ဆီလူတန်းစားများ၏ အမည်ကို လူသိရှင်ကြား ဖော်ထုတ်အရှက်ရစေခြင်း -</u> စစ်တပ်နှင့် နီးစပ်သည့် ၎င်းတို့ ၏ အချိတ်အဆက်များကို အသုံးပြု၍ အခွင့်အရေးအားဖြင့်သော်လည်းကောင်း စည်းစိမ်ဥစ္စာအားဖြင့်သော်လည်း ကောင်း စစ်တပ်ထံမှ အကျိုးခံစားခွင့်ရရှိနေကြသည့် မိသားစုများနှင့် တစ်သီးပုဂ္ဂလများကို စနစ်တကျ အွန်လိုင်းပေါ် မှတစ်ဆင့် ထိထိရောက်ရောက် အမည်နှင့်တကွ ဖော်ထုတ်အရှက်ရစေသည့် လူထုလှုပ်ရှားမှုများကို ဖော်ဆောင်ခဲ့ကြ သည်။ လူထုလှုပ်ရှားမှုသည် စစ်တပ်ကို ဆက်လက်ကျောထောက်နောက်ခံမပြုတော့ဘဲ CDM၌ ပူးပေါင်းပါဝင်ကြရန် အဓိကတောင်းဆို၍

စိစစ်အတည်ပြုရန် ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာများမှ သတင်းအချက်အလက်များနှင့် ဓာတ်ပုံများကို အသုံးပြု၍ တစ်နိုင်ငံလုံးရှေ့မှောက်၌ အရှက်ရစေရန် ဦးတည်ဖော်ထုတ်ခြင်းဖြစ်သည်။

လမ်းမများထက်က လူထုလူတန်းစားများ၏ ချီတက်ဆန္ဒပြမှုများ- တုန့်ပြန်ကလဲ့စားချေခံရနိုင်သည့် လက်တွေ့ခြိမ်း ခြောက်မှုအန္တရာယ်များကို နဖူးတွေ့ဒူးတွေ့ကြုံတွေ့လာရနိုင်မှန်း သိထားလင့်ကစား လူထုလူတန်းစားများသည် မြန်မာနိုင် ငံ၏ မြို့ပြလမ်းမများထက်(သာဓကအနေဖြင့် လတ်တလောဖြစ်ပွားခဲ့သည့် မန္တလေးသပိတ်ကိုကြည့်ပါ)၌ လူဦးရေနည်း နည်းဖြင့် ပျောက်ကြားသပိတ်များ ဆက်လက်ဆင်နွဲနေခြင်းသည် မယုံကြည်နိုင်လောက်အောင် ပါးနပ်သည့်အရွေ့တစ်ခု ဖြစ်သည်။ LGBTQI၊ တိုင်းရင်းသားလူနည်းစု၊ ကျောင်းသားမားသမဂ္ဂများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ကို လို လားထောက်ခံကြသူများနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သူများအနေဖြင့် ပို၍ပြင်းထန်ဆိုးရွားသည့်ပုံစံဖြင့် တုန့်ပြန်ကလဲ့စား ချေခံနေရသည်ဟုလည်း ပြောဆိုနေကြသည်။

အွန်လိုင်းအခြေပြုလူထုသပိတ်များ- သပိတ်ထုတ်ပြန်ချက်များ၊ အခြေအနေပြ သတင်းအချက်အလက်များနှင့် အကြမ်း မဖက်သည့် နည်းလမ်းများဖြင့် ဆက်လက်တော်လှန်နိုင်စေရန် အားပေးတိုက်တွန်းမှုများနှင့် စိတ်ကူးစိတ်သန်းများကို လည်း လူမှုကွန်ရက်သုံးမီဒီယာများမှတစ်ဆင့် တစ်ဦးချင်းသော်လည်းကောင်း အစုအဖွဲ့အလိုက်သော်လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေလာကြသည်(ဥပမာအားဖြင့် နောက်လိုက်ပရိသတ်စုစုပေါင်း ၇၉၀,၀၀၀ ကျော်ရှိသည့် နာ မည်ကြီး မိတ်ကပ်အနုပညာရှင်တစ်ဦးသည် လက်ရှိအချိန်၌ ပုန်းရှောင်နေရပြီဖြစ်သည်)။

နိုင်ငံတကာအသိုက်အဝန်းကို စည်းရုံးအရေးဆိုခြင်း - အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် NUG တို့သည် အာရှဒေသ (ဥပမာ အာဆီယံ)နှင့် နိုင်ငံတကာ(ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံအတွင်း အထူးသဖြင့် Total ကဲ့သို့သော စစ်တပ်နှင့် လက်တွဲ၍ ရင်းနှီးမြှုပ်နှံမှုပြုထားသည့် နိုင်ငံတကာကုမ္ပဏီကြီးများ)အဖွဲ့အစည်းများနှင့် အစိုးရများကို အွန်လိုင်းစကြ်န် မှတစ်ဆင့် မြန်မာ့အရေး အလေးပေးအာရုံစိုက်၍ လိုအပ်သလိုအရေးယူဆောင်ရွက်မှုပြုလာစေရန် စည်းရုံးအရေးဆို လျက်ရှိသည်။ မြန်မာ့မီဒီယာသတင်းတိုက်များနှင့် သတင်းထောက်များသည် စစ်တပ်အဖမ်းခံရပါက ညှင်းပန်းနှိပ်စက် ၍ ထောင်ချခံရမည်မှန်း သိထားကြသော်လည်း သတင်းများကို ရဲရဲဝံ့ဝံ့ဆက်လက် ရေးသားတင်ပြလျက်ရှိသည်။

## နယ်ခံလူထုလူတန်းစားများကို ထောက်ပံ့ကူညီလျက်ရှိသည့် အရပ်ဖက်လူ့အဖွဲ့အစည်းလုပ်ငန်းများ

CDM လှုပ်ရှားမှု၊ PDF နှင့် ဆက်သွယ်မှုများ၊ အထိခိုက်လွယ်သည့် လူထုလူတန်းစားများ၏ အခွင့်အရေးများကို ကာ ကွယ်စောင့်ရှောက်ပေးသည့် သမိုင်းကြောင်းနောက်ခံနှင့် ရည်မှန်းချက်များကို ရှေ့တန်းမှဦးစီးခေါင်းဆောင်ခဲ့ကြသဖြင့် ယခုအခါ အရပ်ဖက်လူ့အဖွဲ့အစည်းလုပ်ငန်းများ၌ အထူးသဖြင့် အရပ်သားကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၌ ပွင့်ပွင့်လင်းလင်း ပါဝင်ဆောင်ရွက်မည်ဆိုပါက အလွန်အန္တရာယ်ကြီးသည့် အခင်းအကျင်းမျိုးဆီသို့ ဦးတည်သွားတော့ သည်။ စစ်တပ်ဖက်က ညအချိန်ကျမှ လိုက်လံဖမ်းဆီးခြင်းများနှင့် အမှုစွဲချက်တင်ခြင်းမရှိဘဲ ချုပ်နှောင်ထားရှိခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ မုဒိမ်းကျင့်ခြင်းနှင့် သတ်ဖြတ်မှုများအတွက် ပြစ်ဒဏ်ခံရခြင်းမရှိဘဲ ဆက်လက်ကျူးလွန် နေခဲ့သည်။ BRM

ကဲ့သို့သော သေးငယ်သည့်အဖွဲ့အစည်းမျိုးအတွက် ဘေးကင်းကင်းဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်သည့် အရပ်ဖက်ရပ်ဝန်းမျိုးသည် ယခင်အတိတ်၏ အမှတ်ရစရာများအဖြစ်သာလျှင် ကျန်ရှိတော့သည်။ အများ အပြားသည် မြန်မာနိုင်ငံ၏ "အာဏာမသိမ်းခင်ကာလများဆီက" အလားအလာကောင်းများစွာကို ထွေးပွေ့ခွင့်ရခဲ့ပြီး လွတ်လပ်ခဲ့ကြဖူးသည့် ကာလများကို ပြန်လည်တမ်းတသတိရနေကြသည်။

ကိုဗစ်-၁၉ တတိယလှိုင်းအတွင်း လိုအပ်နေသူများကို စဉ်ဆက်မပြတ် ထောက်ပံ့ကူညီပေးနိုင်ရန် ကြိုးပမ်းခဲ့ဖူးကြ သည့် CSOs အများအပြားသည် အလုပ်ပြုတ်သူကပြုတ် အဖမ်းခံရသူက အဖမ်းခံရသည့် အခြေအနေမျိုးသို့ ရောက်ရှိ သွားကြသည်။ အချို့သော အစုအဖွဲ့များက ဤကဲ့သို့သော ခြိမ်းခြောက်မှုအန္တရာယ်ကို ဖောက်ထွက်စဉ်းစား၍ ဆန်း သစ်သည့်ပုံစံမျိုးဖြင့် တုန့်ပြန်သွားခဲ့ကြသည်။ ဥပမာအားဖြင့် ရန်ကုန်မြို့တွင်းရှိ အစုအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းများ သည် ဖမ်းဆီးခံရနိုင်သည့် အရဲစွန့်ရမှုအန္တရာယ်ကို တုန့်ပြန်သည့်အနေဖြင့် မိမိတို့၏ ဈေးဆိုင်များကို ပိတ်ပစ်လိုက်ပြီး တစ်အိမ်ဝင်တစ်အိမ်ထွက် လိုအပ်နေသူများအတွက် အခြေခံစားကုန်သောက်ကုန်များကို မဖြစ်စလောက်နှုန်းထားများ ဖြင့် လိုက်လံရောင်းချပေးခဲ့သည်။

အခြားအဖွဲ့အစည်းများက လုပ်ငန်းလည်ပတ်ရန် အရဲစွန့်ရမှုအန္တရာယ်ကြီးလွန်းသည်ဟု ယူဆခဲ့ကြသည်။ တွေ့ဆုံမေး မြန်းခဲ့သည့် BRMမှ ဖြေဆိုသူတစ်ဦးက ဤကဲ့သို့သော အရဲစွန့်ရမှုအန္တရာယ်ကြီးသည့် အခင်းအကျင်းကြောင့် BRM အနေဖြင့် ကျူးကျော်ရပ်ကွက်နေ ရွှေ့ပြောင်းအလုပ်သမများနှင့် LGBTQI များကို ထောက်ပံ့ကူညီပေးလျက်ရှိသည့် လုပ်ငန်းများကို ဖော်ဆောင်နိုင်ခြင်းမရှိတော့ကြောင်း ပြောဆိုသွားခဲ့သည်။ ၎င်းတို့အတွက် အစားအသောက်နှင့် အ သေးသုံးငွေသားထောက်ပံ့ခြင်း၊ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း၊ အမြင်ဖွင့်ပညာပေးခြင်း သို့မဟုတ် မီဒီယာလှုပ်ရှားမှု များကို ဖော်ဆောင်ခြင်းသည် ၎င်းတို့အတွက် အန္တရာယ်ကြီးလွန်းလှသဖြင့် မထောက်ပံ့နိုင်ကြတော့ပေ။ ဤကဲ့သို့သော မလူးသာမလွန့်သာ အခြေအနေမျိုးရောက်ရှိသွားစေရန် ဖိအားပေးခံရခြင်းက မည်သည့်လိုအပ်ချက်များရှိနေ ကြောင်းနှင့် မည်ကဲ့သို့ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ကောင်းစွာနားလည်တတ်ကျွမ်းကြသော်လည်း အရေးယူဒဏ်ခတ်ခံရနိုင်သည့် ခြိမ်းခြောက်မှုအန္တရာယ်ကြောင့် လုပ်ဆောင်နိုင်ခြင်းမရှိတော့သည့် တစ်သီးပုဂ္ဂလများ နှင့် အသိုက်အဝန်းများအတွက် ကြီးစွာသောဆုံးရှုံးနစ်နာမှုပင်ဖြစ်သည်။

BRM အနေဖြင့် တတ်နိုင်သမျှ ၎င်းတို့၏ ရေဒါစက်ကွင်းအတွင်းမှာပင် လုပ်နိုင်သမျှအကောင်းဆုံး ကြိုးပမ်းလုပ်ကိုင် လာရတော့သည်။ ဥပမာအားဖြင့် ၎င်းတို့သည် ယခုအချိန်၌ ရန်ကုန်မြို့တော်ကြီး၏ လမ်းမများထက် တန်းစီစောင့်ဆိုင်း နေကြသည့် လိင်ဖျော်ဖြေရေးအလုပ်သမများအတွက် အစားအစာနှင့် အသေးသုံးငွေသားများ လိုက်လံထောက်ပံ့ပေး ရာ၌ မိမိတို့၏ လုံခြုံရေးကိုပါ စက္ကန့်မလပ် အချိန်တိုင်းသတိချပ်နေရသည်။ ဤလုပ်ငန်းကို CSO အဖွဲ့ဝင်များ၏ လုံခြုံရေးနှင့် လိင်ဖျော်ဖြေရေးအလုပ်သမများ၏ ဘေးကင်းလုံခြုံရေးကို ငဲ့ကွက်၍ များစွာအကန့်အသတ်ရှိနေသည့် ကြားက လိမ္မာသိုသိပ်စွာဖြင့် ဖော်ဆောင်နေရခြင်းဖြစ်သည်။

ကံမကောင်းအကြောင်းမလှစွာဖြင့် မြန်မာနိုင်ငံတွင်း အရပ်ဖက်လူ့အဖွဲ့အစည်းများ၏ အနာဂတ်သည် အလွန်ပင်စိတ် ဓာတ်ကျစရာဖြစ်လာခဲ့သည်။ တွေ့ဆုံမေးမြန်းမှုကို လက်ခံဖြေကြားပေးခဲ့သည့် 'အောင်'အတွက် BRM သည်ပင်လျှင် ရှေ့လျှောက် မည်သို့စခန်းသွားရမည်မှန်း မသိရသေးသဖြင့် အနာဂတ်ကို စိတ်ကူးပုံဖော်ကြည့်ရန် မဖြစ်နိုင်သလောက် ခဲယဉ်းနေဆဲဖြစ်သည်။ လက်ရှိအခြေအနေအရပ်ရပ်ကိုသာ မျက်ခြေပြတ်မသွားစေရန် အစွမ်းကုန်အာရုံစိုက်နေရခြင်း ဖြစ်သည်။

**ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဆိုးကြီးကို ရင်ဆိုင်နေရသည့် မြန်မာနိုင်ငံအတွင်း စစ်အာဏာမသိမ်းမီအချိန်နှင့် သိမ်းပြီးသွားသည့်နောက်ပိုင်း အရပ်ဖက်ရပ်ဝန်းကို ကာကွယ်စောင့်ရှောက်ရန် ကြိုးပမ်းလျက်ရှိသည့် ယခု ချဉ်းကပ်ဆောင်ရွက်မှုပုံစံများမှ မည်သည့်သင်ခန်းစာများရရှိနိုင်သနည်း။**

မြန်မာနိုင်ငံတွင်း CSO တစ်ခု၏ ယခုလက်တွေ့ဖြစ်ရပ်မှန်လေ့လာဆန်းစစ်ချက်သည် မိမိတို့နှင့် အကျိုးစီးပွားချင်းရပ် တည်ချက်တူသည့် ဤနေရာ၌ အလုပ်သမားသမဂ္ဂများ၊ အခြား CSO များနှင့် ဥပဒေပညာရှင်များကဲ့သို့သော အခြား အင်အားစုများနှင့် သွေးစည်းညီညွတ်မှုတည်ဆောက်လိုက်သည့်အခါ မည်မျှသေးငယ်သည့် အရပ်ဖက်လူ့အဖွဲ့အစည်း ပင်ဖြစ်ပါစေ အရပ်ဖက်ရပ်ဝန်းကို ကာကွယ်စောင့်ရှောက်နိုင်သည့် စွမ်းပကားရှိလာကြောင်း မီးမောင်းထိုးပြလျက်ရှိ သည်။

ဤနေရာ၌ လိုချင်သည့်အပြောင်းအလဲအတွက် ချဉ်းကပ်မှုပုံစံအမျိုးမျိုးအသုံးပြုရန် မည်မျှအရေးကြီးကြောင်း အထင် အရှားတွေ့မြင်နေရသည်။ ဤအစုအဖွဲ့သည် အသေးစားလူထုပျောက်ကြားသပိတ်များ၊ နက်နက်ရှိုင်းရှိုင်းအမှုအကျင့် ပြောင်းလဲရေး အလုပ်ရုံဆွေးနွေးပွဲများ၊ မီဒီယာလမ်းကြောင်းမျိုးစုံအသုံးပြု၍ အွန်လိုင်းနှင့် လမ်းမတန်းနေရာများ၌ သ တင်းအချက်အလက်ဖြန့်ဝေသည့် လူထုလှုပ်ရှားမှုများနှင့် အရေးတကြီး အကူအညီလိုအပ်နေသူများအတွက် အသေး သုံးငွေသား၊ အစားအစာနှင့် လူမှုစိတ္တအကူအညီများ တိုက်ရိုက်ပေးအပ်ခြင်းတို့ကို ဟန်ချက်ညီညီပေါင်းစပ်အသုံးပြု သွားခဲ့သည်။

မည်ကဲ့သို့ အပြောင်းအလဲပြုလုပ်ရမည် ဟူသည့်ကိစ္စရပ်နှင့်ပတ်သက်၍ အနောက်တိုင်းအယူအဆလွှမ်းသည့် စိတ်ကူး အမြင်များသည် အနောက်တိုင်းပြင်ပဒေသများ၌ အလုပ်မဖြစ်နိုင်ကြောင်း သက်သေပြလျက်ရှိသည်။ အချို့သောသူ များအနေဖြင့် ဤအခြေအနေမျိုး၌ ရှေ့နေများအနေဖြင့် အမျိုးသမီးများနှင့် LGBTQI များ၏ ရပိုင်ခွင့်အခွင့်အရေးများ ကို ကာကွယ်စောင့်ရှောက်ရန် တရားရုံးများသို့ အမှုဖွင့်တိုင်ကြားသင့်သည်ဟု ယူဆကောင်းယူဆနိုင်သည်။ သို့သော် လည်း ၎င်းတို့သည် ထိုသို့မပြုလုပ်ဘဲ တိုးတိုးတိတ်တိတ် လိမ္မာသိုသိပ်စွာဖြင့် အလွတ်သဘောအမြင်ဖွင့်ပညာပေးသည့် လုပ်ငန်းစဉ်များနှင့် ဩဇာလွှမ်းမိုးမှုတို့အားဖြင့် အပြောင်းအလဲကို ဖော်ဆောင်ရန်ရွေးချယ်ခဲ့ကြသည်။ ဤအခြေအနေ၌ ရောဂါခြေချုပ်စခန်းများ၌ နေထိုင်ကြရသူများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်အတွက် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများနှင့် အခြေခံမှုများကို(မြန်မာလူထု အများစုအတွက် ရင်းနှီးကျွမ်းဝင်မှုမရှိသေးသည့် သဘော တရားများ) ရွတ်ဆိုပြခြင်းထက်စာလျှင် ဆက်ဆံရေး၊

အပြန်အလှန်လေးစားမှုနှင့် နားလည်မှုရှိလာအောင် ကြိုးပမ်း ဆောင်ရွက်ခြင်းက ပို၍အရေးပါပြီး ပို၍ထိရောက်အကျိုးရှိပါလိမ့်မည်။

ဤလေ့လာဆန်းစစ်ချက်က CSO များအနေဖြင့် အခင်းအကျင်းတစ်ခု၌ရရှိလာသည့် ပေါင်းသင်းဆက်ဆံရေးများ၊ စ နစ်များနှင့် သင်ယူမှုများကို အခြားစိန်ခေါ်မှုများကို တုန့်ပြန်ဖြေရှင်းရာတွင်လည်း အသုံးချနိုင်ကြောင်းသက်သေပြ လျက်ရှိသည်။ အရပ်ဖက်ရပ်ဝန်းကို ကာကွယ်စောင့်ရှောက်ရန် နှစ်ပေါင်းများစွာ လုပ်ကိုင်ဆောင်ရွက်ရင်းဖြင့် BRM အဖွဲ့သားများရရှိလာခဲ့သည့် ကျွမ်းကျင်မှုများနှင့် အသိပညာဗဟုသုတများက မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ စတင်ရောက် ရှိလာပြီး အသွားအလာကန့်သတ်သည့် စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်လာသည့်အခါ ကျူးကျော်ရပ်ကွက်များ၌ နေထိုင်ကြသည့် ရွှေ့ပြောင်းအလုပ်သမများနှင့် LGBTQI များကို ထိရောက်အကျိုးရှိစွာဖြင့် မြန်မြန်ဆန်ဆန်တုန့်ပြန် နိုင်စေခဲ့သည်။ ဤအသိအမြင်ဗဟုသုတနှင့် နေရာတကျပြင်ဆင်ထားသည့် စနစ်များက စစ်အာဏာသိမ်းမှုကို ဆန့် ကျင်တော်လှန်ရန် အကြမ်းမဖက်သည့်ပုံစံဖြင့် လူထုသပိတ်များကို စည်းရုံးလှုပ်ရှားရာ၌ ၎င်းတို့ကို ကောင်းစွာပါဝင်အ လုပ်အကျွေးပြုနိုင်စေခဲ့သည်။

ကိုဗစ်-၁၉နှင့် စစ်အာဏာသိမ်းမှုကြောင့် ပေါ်ပေါက်လာသည့် အကျပ်အတည်းကာလများ၌ မြန်မာနိုင်ငံတစ်နံတစ် လျားရှိ အရပ်ဖက်အင်အားစုများကို ထိထိရောက်ရောက်စည်းရုံးစုစည်းရာ၌ ပေါင်းသင်းဆက်ဆံရေးနှင့် အဆက်အ သွယ်ကောင်းမှုများက အဓိကသော့ချက်တစ်ခုဖြစ်ခဲ့သလို ဤအကျပ်အတည်းများက အဆက်အသွယ်များပို၍ အချိတ် အဆက်မိလာစေရန် ပြန်၍ပံ့ပိုးပေးခဲ့သည်ဟုလည်း သုံးသပ်ယူဆနိုင်ပါသည်။ CSOsများ၊ NGOs များနှင့် နိုင်ငံတကာ NGOsများအကြား ပူးပေါင်းဆောင်ရွက်မှုများလည်း ပိုမိုအားကောင်းလာခဲ့သည်။ တစ်ဦးချင်းနှင့် အဖွဲ့လိုက် ငွေ၊ စား ကုန်သောက်ကုန်နှင့် အချိန်များကို ဝိုင်းဝန်းလှူဒါန်းပေးခဲ့ခြင်းကြောင့် နယ်ခံလူထုလူတန်းစားများနှင့် နိုင်ငံ၏ အထူးသ ဖြင့် ရိုက်ခတ်မှုဒဏ်အလူးအလဲခံခဲ့ရသည့် နယ်မြေဒေသများရှိ လိုအပ်နေသူများထံအရောက် ပေးပို့ထောက်ပံ့နိုင်ခဲ့ကြ သည်။ ၃၉ ဒီဂရီစင်တီဂရိတ်အထိရှိသည့် အပူချိန်အောက်၌ သိန်းပေါင်းများစွာသော လူထုသပိတ်များကို စည်းရုံးဖော် ဆောင်နိုင်ခဲ့ကြသည်။ ဤလုပ်ဆောင်ချက်များအားလုံးအတွက် အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလလူထု လူတန်းစားများအကြား အပြန်အလှန်ဆက်သွယ်ပြန်ကြားမှု၊ ယုံကြည်မှုနှင့် ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်နေရန် မဖြစ်မနေလိုအပ်ပါသည်။

ဒီမိုကရေစီအစိုးရလက်ထက်၌ပင်လျှင် တိုင်းရင်းသားမျိုးနွယ်စုနှင့် ဘာသာရေးယုံကြည်ချက် ကွဲပြားမှုများကြောင့် (စစ် တပ်၏ တမင်ဝါဒဖြန့်မှုနှင့် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ချက်များကြောင့် ပိုမိုဆိုးရွားလာလျက်ရှိသည့်) မြန်မာပြည်သူ လူထုအကြား အကွဲအပြဲပိုမိုကြီးမားလာခဲ့သည်။ ဤကဲ့သို့သော အက်ကွဲကြောင်းများ ဆက်ရှိနေဆဲပင်ဖြစ်သော်လည်း အားလုံးအပေါ် ခြိမ်းခြောက်လာသည့် ကမ္ဘာ့ကပ်ရောဂါနှင့် ယင်းအပေါ် အရပ်ဖက်လူ့အဖွဲ့အစည်းများ၏ ကျယ်ပြန့်ထိ ရောက်မှုရှိသည့် စုပေါင်းတုန့်ပြန်ရေး ကြိုးပမ်းအားထုတ်မှုများကြောင့် ယခင်ကနှင့်မတူခြားနားသည့် “ကျွန်ုပ်တို့”ဟူ သည့် ဘုံစိတ်ထားခံယူချက်များ ပြန်လည်နိုးထလာခဲ့ကြပြီး အောင်မြင်မှုတိုင်း၌ တစ်သွေးတစ်သားတည်းဟူသည့်

ဂုဏ် ကျက်သရေ ပြန်လည်ဝေဖြာလာခဲ့ခြင်းဖြစ်သည်။ ထို့နောက် ဤ"ကျွန်ုပ်တို့"ဟူသည့်စိတ်အစဉ်သည် စစ်အာဏာသိမ်း ခံခဲ့ရပြီးနောက်ပိုင်း အတူတကွကြုံတွေ့ခံစားခဲ့ကြရသည့် ရက်စက်ကြမ်းကြုတ်မှုကြောင့် စစ်တပ်ကို ဆန့်ကျင်အာခံ သည့်အနေဖြင့် အလုံးအရင်းချီတက်ဆန္ဒပြခြင်းများနှင့် အရဲစွန့်ရမှုအန္တရာယ်ကိုမမှုဘဲ ဆန်းသစ်သည့်ပုံစံအမျိုးမျိုးဖြင့် စည်းရုံးလှုပ်ရှား၍ ခါးခါးသီးသီးဝိုင်းဝန်းဆန့်ကျင်တော်လှန်ရင်း ပို၍ပင်အားကောင်းလာခဲ့သည်။

## ဒီတော်လှန်ရေးအရွေ့တွေမှာ ပါဝင်နေကြတဲ့ မြန်မာလူထုရဲ့ ဒူပေနာပေခံနိုင်ရည်နှင့် စွမ်းအားသတ္တိတွေ ဘယ် ကနေရောက်လာတာလဲ။

*"ငါတစ်ခုခု လုပ်ကိုလုပ်ရတော့မယ်။ ဒီမိုကရေစီခေတ်မတိုင်ခင်ကလို တစ်ကမ္ဘာလုံးနဲ့ အဆက်ဖြတ်ခံထားရတဲ့ အ မှောင်ခေတ်ကို ပြန်မသွားချင်တော့ဘူး"* ဟူသည့်စကားသည် တော်လှန်ရေးအတွင်း ပါဝင်နေကြသည့် မြန်မာပြည်သူ များအကြား ကျယ်လောင်လျက်ရှိသည်။

စိတ်၏စေ့ဆော်မှုတွန်းအားနှင့် ဒူပေနာပေခံနိုင်ရည်တို့သည် ယုံကြည်ကိုးကွယ်ရာနှင့် သစ္စာတရား၊ အချို့အတွက် ဆု တောင်းခွန်အားယူခြင်း၊ အားလုံးအတွက် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးခံယူချက်ပြင်းထန်မှု၊ တိုးတက်ပြောင်းလဲလာ သည့် ခေတ်သစ်တစ်ခုကို လိုလားတောင့်တမှု၊ အားလုံးအတွက် လွတ်လပ်သည့် မြန်မာပြည်သစ်ကို တည်ဆောက်လို မှုစသည့် ဇစ်မြစ်ပေါင်းစုံမှ မွေးဖွားလာခြင်းဖြစ်သည်။ အချို့အတွက် ခံပြင်းဒေါသသက်သက်နှင့် နဖားကြိုးအထိုးမခံလို သည့် စိတ်ဓာတ်မှရရှိသည်။ ဘဝတူနိုင်ငံသားများအတွက် မေတ္တာတရားထားရှိမှုက မတူကွဲပြားသည့် ပုံစံအမျိုးမျိုးဖြင့် အပြန်အလှန်စောင့်ရှောက်မှုနှင့် သွေးစည်းညီညွတ်စေသည့် လုပ်ဆောင်ချက်များပေါ်ပေါက်လာရန် ဆက်လက်စေ့ ဆော်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၏ ရှေ့အနာဂတ်မည်သို့ရှိမည်ကို ခန့်မှန်းပြောဆိုရခက်ခဲနေဆဲပင်ဖြစ်သည်။ မည်သို့ဆိုစေ မြန်မာနိုင်ငံ၏ အတိတ်သ မိုင်းသင်ခန်းစာများက မည်မျှပြင်းထန်သည့် အကြမ်းဖက်ဖြိုခွဲနှိမ်နင်းမှုများရှိနေသည်ဖြစ်စေ အရပ်ဖက်လူ့အဖွဲ့အစည်း၏ တော်လှန် ရေးခရီး ဆက်နှင်နေဦးမည်ဖြစ်ကြောင်း သက်သေပြလျက်ရှိသည်။ ၎င်းတို့ကို ကြိုက်သလောက်ဆက်အကြမ်းဖက်စေဦးတော့ အ နည်းငယ်တိတ်ဆိတ်သွားရုံ သို့မဟုတ် ငုပ်လျှိုးသွားရုံကလွဲ၍ ဆက်လက်တော်လှန်နေကြဦးမည်ဖြစ်သည်။

အပြန်အလှန်ဖေးမကူညီမှုသည် မြန်မာ့ယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်း၌ နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်လျက်ရှိသည်။ ယ ခုအရေးအခင်းသည် မြန်မာပြည်သူများ ရင်ဆိုင်ကျော်လွှားရမည့် ပထမဦးဆုံးသော အကျပ်အတည်းတစ်ခု ဟုတ်မနေ ခဲ့ပေ။ မြန်မာ့အရပ်ဖက် လူ့အဖွဲ့အစည်းများအနေဖြင့် အရပ်ဖက်ရပ်ဝန်းကို ၎င်းတို့တတ်နိုင်သည့် နည်းလမ်းပေါင်းစုံဖြင့် ဆက်လက်ကာကွယ်စောင့်ရှောက်နေကြဦးမည်ဖြစ်သည်။ ၎င်းတို့၏ လွတ်လပ်ရေးဆီသို့ ဦးတည်လျှောက်လှမ်းနေ သည့်ခရီးရှည်၌ နိုင်ငံတကာအရပ်ဖက် လူ့အဖွဲ့အစည်းများ၏ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ဖေးမကူညီမှုများ အရေး တကြီးလိုအပ်နေကြပါသည်။